# ပြန်လည်ကြွလာခြင်းသတင်းကောင်း

July - August 2022

# HERALD *OF HIS* COMING

**ဘုရားသခင်၏ သားတော်ယေရှုသည် ငါတို့၌ ယဇ်ပုရောဟိတ်မင်း ဖြစ်တော်မူသောကြောင့်၊**

( Heb.4:14)

## အဆုံးထိတိုင်အောင် ယေရှုကိုကြည့်ပါ

## Seeing Jesus As The End

**By Ray & Revel Hession**

ရှင်ယောဟန် (၁၄)တွင် ယေရှုက သူ၏ တပည့်တော်များထံသို့ထူးဆန်း သောအရာတစ်ခုကိုပြောဆိုခဲ့ပါသည်။ "ငါသည် အဘယ်အရပ်သို့သွားသည်ကိုလည်း ကောင်း လမ်းခရီးကို လည်းကောင်း သင်တို့သိကြ၏"ဟု မိန့်တော်၏(ခန်းငယ် ၄)။ ထိုအခါ သောမတ်က သခင် ကိုယ် တော်သည် အဘယ်အရပ်သို့ သွားတော် မူသည်ကို အကျွန်ုပ်တို့ မသိသည်ဖြစ်၍ လမ်းခရီးကိုအကျွန်ုပ်တို့ အဘယ်သို့ သိနိုင်ပါမည်နည်းဟု လျှောက်တင်သောအခါ ယေရှုက ငါသည်လမ်းခရီးဖြစ်၏။ သမ္မာ တရားလည်းဖြစ်၏။ အသက်လည်း ဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်း တော်ထံ မရောက်ရဟု ပြန်ဖြေတော်မူ၏။ (အခန်းငယ် ၆)

တစ်ဖန် ဖိလိပ္ပုကသခင်ခမည်းတော်ကို ကျွန်ုပ်တို့အားပြသတော်မူပါ။ ထိုသို့ ပြတော်မူလျှင် အကျွန်ုပ်တို့ အလိုတော်ပြည့်စုံပါလိမ့်မည်ဟု လျှောက်လျှင် (ငယ် ၈) ဤ သို့ ပြန်လည်တုန့်ပြန်ခဲ့ပါသည်။ ငါ့ကိုမြင်သော သူသည်ခမည်းတော်ကိုမြင်၏(အခန်း ငယ် ၉)သို့ ဖြစ်သောကြောင့် သူတို့ က သူတို့ ရှာဖွေနေသော နေရာနှင့် လမ်းခရီး နှစ်ခုစလုံးကို သိရှိခဲ့ကြပါ

သည်။ အဆုံးတွင် သခင် ယေရှု၏နာမဒ္ဒ သူ၏ ခမည်းတော် ကျွန်ုပ်တို့၏ အဖဘုရား သခင်ရှိကြောင်းကို စိတ်ချစေခဲ့ပါသည်။

ယေရှုကိုကြည့်ပါ

ကျွန်ုပ်တို့၏ ဘုန်းအသရေနှင့်ပြည့်စုံသော ကောင်းကင်ရှေ့နေကို ကြည့်ကြဖို့ရန်ဖြစ်ပါသည်။ (၁၈ ယာ ၂ း ၁) သူက ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် ဂရုဏာ၊ မေတ္တာဖြင့် ကိုယ်စားပြု ကာ ဖြည့်စွက်ပေးသောကြောင့် ပြည့်စုံခြင်းကိုရရှိစေပါသည်။

ယေရှုကိုကြည့်ပါ

သူနှင့်ခိုင်မြဲသောဆက်သွယ်ခြင်းကိုရရှိကြဖို့ရန်အတွက် သန့်ရှင်းသော ဝိညာဉ်တော်ကို ထင်ရှားစေခဲ့ပါသည်။ ကျွန်ုပ်တို့၏ ဗီဇအပြစ်များကို ဆေးကြောပြီးစင်ကြယ်သောနှလုံး သားကို ပေးအပ်ခဲ့ပါသည်။ ပုန်ကန်တတ်သော စိတ်အလိုကိုပြောင်းလဲစေခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကို လောက၏ တပ်မက်စွဲလန်းမှုအားလုံးအပေါ် အောင်မြင်စေနိုင်ခဲ့ပြီး ကျွန်ုပ်တို့၏ ခွန်အားဖြစ်သော ယေရှုအားဖြင့်ဆိုးသွမ်းမှုများကိုတွန်းလှန်နိုင်ကြသည့်အပြင် နူးညံ့သိမ်မွေ့ သော ယေရှု၏ ပညာတရားအားဖြင့် ကျော်လွှားနိုင်ခဲ့ပါသည်။ သူသည် မေတ္တာစေတနာဖြင့် ပံ့ပိုးကူညီကာ လက်လျော့ ခြင်းမရှိဘဲ စောင့်ရှောက်ပေးသော ယေရှုဖြစ်ပါသည်။

ယေရှုကိုကြည့်ပါ

ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်သကဲ့သို့ နောင်တတရားကိုရရှိစေသောသူဖြစ်ပါသည်။ (တမန် ၅း၃၁) အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏အပြစ်များကို ဝမ်းနည်းမှုဖြင့်ဝန်ချကာ စွန့်လွှတ် ဖို့ရန်ကျေးဇူးတော်ကို ကျွန်ုပ်တို့အပေါ်ပေးကာ အတည်ပြုပေးသောသူဖြစ်ပါသည်။

ယေရှုကိုကြည့်ပါ

လုပ်ဆောင်ချက်ပြည့်စုံဖို့ရန် ကားတိုင်ကိုပြည့်စုံစွာသယ်ဆောင်သည့် ကျေးဇူးတော်နှင့် နေ့စဉ် အတွက် ကားတိုင်လုပ်ဆောင်ချက်ကို သူ့ထံမှလက်ခံကြဖို့ရန်ဖြစ်ပါသည်။ သူ၏စိတ်ရှည် သီးခံသော လုပ်ဆောင်ချက်နှင့် ကျေးဇူးတော်သည် ကျွန်ုပ်တို့အားသည်းခံခြင်းကို ရရှိစေနိုင်ပါသည်။ သူ၏ ချစ်ခြင်းမေတ္တာနှင့် ချစ်ခင်မြတ်နိုးခြင်းကို မတောင်းဆိုဘူးပါက ကျွန်ုပ်တတ်စွမ်းနိုင်သောအရာက မည်သည့်အရာဖြစ်ပါသနည်း။ သူမတတ်နိုင်သော အရာရှိပါသလား။ ကျွန်ုပ်တို့၏ အားနည်းခြင်း၌ ပြည့်စုံအောင် လုပ်ဆောင်ပေးသည့် သူ၏ခွန်အားကို စောင့်စားကြဖို့ရန်ဖြစ်ပါသည်။ (၂ ကော ၁၂း၉)

**ယေရှုကိုကြည့်ပါ**

ခမည်းတော်ထံပြန်သွားသောသူက ကျွန်ုပ်တို့အတွက်နေရာကို ပြင်ဆင်ပေးဖို့ ရန်ဖြစ်ပါသည်။ ဤနောက်ဆုံးသောရန်သူနှင့်တွေ့ဆုံရမည် ကျွန်ုပ်တို့၏နေ့ရက်ကာလ ရောက်ရှိလာသောအခါ ငြိမ်သက်ခြင်းကို ကျွန်ုပ်တို့အတွက်ပြင်ဆင်ပြီး မျှော်လင့်ချက်၌ရှင်သန်ကာ အနာဂတ်တွင်ပျော်ရွှင်စွာဖြင့်အသက်ရှင်ဖို့ရန်ကျွန်ုပ်တို့အတွက်လုပ်ဆောင်ပေးဖို့ဖြစ်ပါသည်။ ကျွန်ုပ်တို့အတွက် အောင်မြင် ကျော်လွှားခဲ့သောသူဖြစ်ပြီးသူ့အားဖြင့် ကျွန်ုပ်တို့က အောင်မြင်သော သူများဖြစ်ကြပါသည်။ ထို့ကြောင့် ယနေ့တွင် ရှင်ဘုရင်တစ်ဦး၏ တုန်လှုပ်ဖွယ်ရာ လုပ်ဆောင်ချက်များသည် ထာဝရ ပျော်ရွှင်ခြင်း၏ ရှေ့ပြေးနိမိတ်တစ်ခုပင်ဖြစ်ပါသည်။

**ယေရှုကိုကြည့်ပါ**

မထင်မှတ်သော အချိန်တစ်ခု၌ အသေအချာပြန်လာမည့်သူဖြစ်ပြီး အသင်းတော်ကာလ တစ်လျှောက် သစ္စာစောင့်သောအသင်းတော်၏ မျှော်လင့်စောင့်စားသည့်အရာလည်းဖြစ်ပါသည်။ စိတ်ရှည်သည်းခံခြင်းဖြင့် ခွန်အားပေးသောကယ်တင်ရှင်က လက်တစ်ကမ်း တွင်ရှိသောကြောင့် ပျော်ရွှင်စွာဖြင့် စောင့်စားကြဖို့ရန်ဖြစ်ပါသည်။ (ဖိလိပ္ပိ ၄ း ၄ - ၅ ၁ သက် ၅ း ၂ ခု)

**ယေရှုကိုကြည့်ပါ**

ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ပြည့်စုံစေသူနှင့် ဖန်တီးသူ၊ အရင်းအမြစ်နှင့် ဖန်တီးသူဖြစ်ကြောင်းကို ပြောဆိုရမည်ဖြစ်သည်။ သူသည် အဓိကနှင့် ယုံကြည်သူများ၏ ဦးခေါင်း၊ အစပြုခြေလှမ်းမှ အဆုံးထိတိုင် ပို့ဆောင်သောသူဖြစ်သောကြောင့် သူ့အားဖြင့် ကျွန်ုပ်တို့၏ ယုံကြည်ချက်ကို ဖြည့်စွက်ပြီး အားပေးကာ အကျိုးပြုလျက် စုံလင်သောပြည့်စုံခြင်းသို့ ဦးဆောင် လမ်းပြခဲ့ပါသည်။

**ယေရှုကိုကြည့်ပါ**

ကျွန်ုပ်တို့အတွေး၊ ကျွန်ုပ်တို့အကြောင်းများ၊ ကျွန်ုပ်တို့၏ စိတ်ကူးစိတ်သန်းများ၊ ကျွန်ုပ်တို့၏ လိုအင် ဆန္ဒများ၊ ကျွန်ုပ်တို့၏စီမံချက်များ၊ ကျွန်ုပ်တို့ကိုယ့်ကိုယ်ကိုယ်မကြည့်ဘဲ ယေရှုကို ကြည့်ကြဖို့ရန် ဖြစ်ပါသည်။

**ယေရှုကိုကြည့်ပါ။**

ကျွန်ုပ်တို့၏လမ်းကြောင်းတွင် တွေ့ကြုံရသောအတားအဆီးများကိုမကြည့်ဘဲ ယေရှုကိုကြည့်ပါက ကျွန်ုပ်တို့၏တွေးတောချက်များကို ရပ်တန့်မည်ဆိုပါက ကျွန်ုပ်တို့၏ တွေဝေနေသောအရာများ မယုံနိုင်စရာလွှမ်းမိုးနေသောအရာများ၊ နားမလည်နိုင်သောအကြောင်းအရာ တစ်ခုချင်းစီကို ကျော်လွှားနိုင်ကြမည်ဖြစ်ပါသည်။ တပည့်တော်တစ်ဦးက သူ၏ဘေး ပတ်ဝန်းကျင်ကိုကြည့်သော စတင်နှစ်မြုပ်ပါသည်။ ယေရှုကိုသာကြည့်သောအချိန်တွင် သူလျှောက်လှမ်းသောရေပြင်ပေါ်တွင် ကျောက်ပေါ်၌လျှောက်သွားသကဲ့သို့ လျှောက်လှမ်း နိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များက ခက်ခဲလေလေ စုံစမ်းနှောင့်ယှက်ခြင်း များကပိုများလာလေလေဖြစ်သောအခါ ယေရှုကိုသာကြည့်ကြဖို့ရန်မှာ မရှိမဖြစ်လိုအပ်ပါသည်။

**ယေရှုကိုကြည့်ပါ**

ကျွန်ုပ်တို့၏ ရည်မှန်းချက်သဘောထားနှင့် လုပ်ဆောင်နိုင်သောခွန်အား၌ ရပ်တည်ဖို့ရန် မဟုတ်ပါ ထူးကဲသောရည်ရွယ်ချက်က နှိမ့်ချခြင်းကိုပြုလဲစေဖို့ရန် ပြင်ဆင်ခြင်းတစ်ခု လိုပင်ဖြစ်ပါသည်။ ကျွန်ုပ် တို့၏ ရည်ရွယ်ချက်အပေါ်တွင် ကိုယ်ကိုယ်တိုင်မရပ်တည်ဘဲ သူ၏

ချစ်ခြင်း မေတ္တာတွင် ရပ်တည် ကြဖို့ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ လုပ်ဆောင်နိုင်စွမ်းအပေါ်တွင် မရပ်တည်ဘဲ သူ၏နှုတ်ကပတ်ကတိ တော်အပေါ်တွင် ရပ်တည်ကြပါစို့။

ယေရှုကိုကြည့်ပါ

ကျွန်ုပ်တို့၏ အစွမ်းအစကိုမကြည့်ဘဲ ယေရှုကိုကြည့်ပါ။ ကျွန်ုပ်တို့၏ခွန်အားသည် ကိုယ့်ကိုယ်ကို ချီးမြှောက်ဖို့ရန်သာဖြစ်ပါသည်။ ဘုရားသခင်ကို ချီးမွမ်းခြင်းက ဘုရားသခင်၏ ခွန်အားတစ်ခုကိုရရှိ စေပါသည်။

ယေရှုကိုကြည့်ပါ

ကျွန်ုပ်တို့၏အားနည်းချက်ကိုမကြည့်ဘဲ ယေရှုကိုကြည့်ပါ။ ကျွန်ုပ်တို့၏ အားနည်းငြီး တွားခြင်းဖြင့် ခွန်အားကသာ၍ဖြစ်ပေဘူးပါသလား။ ယေရှုကိုသာကြည့်ပြီး သူ၏ခွန်အားဖြင့် ကျွန်ုပ်တို့ နှလုံးသားကို ဆက်သွယ်ကြပါစို့။ သူ့ကိုချီးမွမ်းမည်ဆိုလျှင် ဤ အရာများက ကျိုးပျက်သွားပါလိမ့်မည်။

ယေရှုကိုကြည့်ပါ

ကျွန်ုပ်တို့၏အပြစ်ကိုမကြည့်ဘဲ ယေရှုကိုကြည့်ပါ။ ကိုယ့်ကိုယ်ကိုကြည့်ပြီး အတည်ပြုချက်ရယူမည်ဆိုလျှင် သူ့ကိုကြည့်ဖို့ရန်အလွန်လိုအပ်သည့်အကြောင်းကိုသတိပြုကြမည်ဖြစ်သည်။ သူ့ကိုသာစေ့စေ့ကြည့်ရှုပါ။ ကျွန်ုပ်တို့က အပြစ်ကင်းသောသူများမဟုတ်ကြဘဲ ဆန့်ကျင်ဘက် အပြစ်သားများ ဖြစ်ကြသောကြောင့် ကျေးဇူးတော်နှင့်အစားထိုးပေးခဲ့ပါသည်။ ကြီးမားသော ထိုးနှက်ချက်များဖြင့် ကိုယ့်ကိုယ်ကိုယ်ပေးဆပ်ခြင်းဖြင့် ခွင့်လွှတ်ခြင်းတရားကို စမ်းစစ်ကာ သတိရဖို့ရန်ဖြစ်ပါသည်။

ယေရှုကိုကြည့်ပါ

သူ့အတွက် အကျွန်ုပ်တို့ကလုပ်ဆောင်သည့်အချက်ကို ကြည့်ရှုဖို့ရန်မဟုတ်ဘဲ ယေရှုကိုကြည့်ကြ ဖို့သာဖြစ်ပါသည်။ လုပ်ငန်းများစွာနှင့် လုံးပမ်းကြသောအခါ ကျွန်ုပ်တို့က သခင်ကို မေ့လျော့တတ် ကြပါသည်။ လက်ကအလုပ်များစွာကိုလုပ်ဆောင်ပြီး နှလုံးသားကဗလာ ချည်

သက်သက် ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့က သခင်ကိုရရှိသောအခါ ကျွန်ုပ်တို့၏လုပ်ငန်းကို ကျွန်ုပ်တို့မမေ့တတ်ကြပါ။ သူ၏ချစ်ခြင်းမေတ္တာက နှလုံးသားတွင်ပြည့်လျှံကျမည်ဆိုလျှင် သူ၏ လုပ်ငန်းစဉ်ကို လုပ်ဆောင်ဖို့ ရန် ပျက်ကွက်ကြမည်မဟုတ်ပါ။

**ယေရှုကိုကြည့်ပါ**

ကျွန်ုပ်တို့၏ အောင်မြင်မှုကိုမကြည့်ဘဲ ယေရှုကိုကြည့်ပါ။ ယေရှုကိုကြည့်ပါ။ ကျွန်ုပ်တို့၏ အောင်မြင်မှုကိုသာကြည့်ကြမည်ဆိုလျင် ကျဆုံးကြလိမ့်မည်ဖြစ်သည်။ ဘဝင်မြင့်ကြ လိမ့်မည် ဖြစ်သည်။ ယုံကြည်ခြင်းနှင့်ဆိုင်၍ ကောင်းမွန်စွာတိုက်လှန်လော (၁တိ ၆ း ၁၂) ငါတို့သခင် ယေရှုအားဖြင့် ငါတို့အားအောင်မြင်ခြင်းအခွင့်ကိုပေးတော်မူသော ဘုရား သခင်၏ ကျေးဇူး တော်သည် ကြီးမားလှစွာတကား (၁ ကော၁၅ း ၅၇) ယေရှုနာမတော်သာ၍ ဘုန်းကြီးပါစေ။

မြေကြီးသားအပေါင်းတို့ ငါ့ကိုမျှော်ကြည့်၍ ကယ်တင်ခြင်းကျေးဇူးကိုခံကြလော့ (ယော ၄၅း၂၂) ကားတိုင်ကိုမကြည့်နှင့် (သို့) ငါ့ အသက်တာ (သို့) ငါ၏သေခြင်းတရား ငါရဲ့ အမှုတော် (သို့) အစေခံခြင်းကိုမကြည့်ဘဲ ငါ့ကိုသာကြည့်လော့။ သူ၏ နှုတ်ထွက် စကားကား ဤသို့ ဖြစ်ပါသည်ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့ ငါ့ထံသို့လာကြလော ငါသည် ချမ်းသာပေးမည်။ (မသဲ ၁၁ း ၂၈) ဤအချက်က ခရစ်ယာန်အသက်တာ၏ ဆောင်ပုဒ် ပင်ဖြစ်ပါသည်။ ယုံကြည်ခြင်းကို အစအဦးအစီရင်၍ စုံလင်စေတော်မူသော သခင် ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ (ဟေဗြဲ ၁၂း၁)

ယခုတွင်သင်၏ယုံကြည်ချက်ကို ကြည့်ရှုနေသော သင်သည် သင်၏မခိုင်လုံသည့် အားနည်း သောယုံကြည်ချက်ထက် ယေရှုကိုသာ ပိုမိုကြည့်ရှုစေလိုပါသည်။ သင့်၌ရှိသော ယုံကြည်ချက်၏ အကျိုးရလာဒ်ကို လေ့လာကာမတင်းတိမ်နိုင်အောင်ရှိနေသော သင့်ကို ယခုမှစ၍သင်၏ကိုယ်ပိုင် အမြင်ကိုဖယ်ထုတ်ကာ ယေရှုကိုယ်တိုင်ကို ကြည့်ရှုဖို့ရန် ကျွန်ုပ် တောင်းဆိုလိုပါသည်။ ဤအချက်ကို နားမလည်နိုင်ပါက နားလည်နိုင်ဖို့ရန် ခေတ္တခဏ အချိန်ပေးကာ ယေရှုခရစ်တော်ကို ကြည့်လိုက် ပါ။ ဆုတောင်းသော အချက်ဟူမူကား သခင်

ယေရှုခရစ်၏ ဘုရားသခင်ဖြစ်တော်မူသော ဘုန်းကြီးသော အဘခမည်းတော်သည် ကိုယ်တော်မြတ်ကိုသိခြင်းအလို့ငှာ ပညာကိုလည်းကောင်း၊ ထိုးထွင်း ဉာဏ်ကိုလည်းကောင်း သင်တို့အားပေးပါမည့်အကြောင်း (ဧဖက် ၁ း ၁၇)။ ကျွန်ုပ်တို့၏ ကယ်တင် ခြင်းအတွက် ယေရှုခရစ်တော်ကို ဘုရားသခင်ကပေးအပ်ခဲ့ပါသည်။ ဤသို့ပြုလျှင် သူနှင့်ကျွန်ုပ် တို့က ကိုယ်ပိုင်ပေါင်းသင်းဆက်သွယ်ခြင်းကို ရရှိနိုင်ကြမည်ဖြစ်သည်။

**ယေရှုကိုကြည့်ပါ**

သမ္မာကျမ်းစာထဲမှ ယေရှုကိုကြည့်ခြင်းဖြင့် သူမည်သူဖြစ်ပြီး လုပ်ဆောင်ခဲ့သောအရာ ပေးအပ်ခဲ့သောအရာ၊ သူ၏အလိုဆန္ဒများကိုသင်ယူသိရှိကာ ကျွန်ုပ်တို့အပေါ်ညွှန်ကြား သော သူ၏ သင်ကြားချက်ပုံစံအကျင့်လက္ခဏာ၊ သူ၏ပညတ်ချက် (သို့) ဥပဒေသ၊ ကျွန်ုပ်တို့ကို ထောက်ပံ့ပေးသော သူ၏ကတိတော်၊ သူ၏ပုဂ္ဂိုလ်ဖြစ်သည့် အကြောင်း သူ၏လုပ်ဆောင်ချက် ကျွန်ုပ်တို့၏ဝိညာဉ်ရေး လိုအပ်ချက်များကို ပြည့်စုံစွာထောက်ပံ့ပေးသည့် လုပ်ဆောင်ချက် များကို တွေ့ရှိရမည်ဖြစ်ပါသည်။

**ယေရှုကိုကြည့်ပါ**

ကားစင်တင်ခြင်းကို ခံရကာ ကျွန်ုပ်တို့အတွက်ငြိမ်းချမ်းခြင်းနှင့် ခွင့်လွှတ်ခြင်းအတွက် သူ၏ အသွေး သွန်းလောင်းကာ ရွေးချယ်ခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

**ယေရှုကိုကြည့်ပါ**

ထမြောက်ခြင်းမထိုက်တန်သောကျွန်ုပ်တို့က သူနှင့်အတူနီးစပ်ပေါင်းစည်းနိုင်ဖို့ရန် လုပ်ဆောင် ခဲ့သောဖြောင့်မတ်ခြင်းကို တွေ့ရှိမည်ဖြစ်သည်။ ထို့အပြင် သူသည်ကျွန်ုပ်တို့အတွက် သွား ရမည့် နေရာနှင့် လမ်းခရီးပင်ဖြစ်ပါသည်။ သူ့ကိုတွေ့ရှိသောအခါ လူတွေအတွက် လမ်းခရီး သာလျှင်မဟုတ်ဘဲ ခရီးဆုံးကိုလည်းတွေ့ရှိရခြင်းဖြစ်သည်။ သူ့ကိုကျော်လွန်ပြီး ကျွန်ုပ်တို့ ကမည်သည့် ကျေနပ်မှုတစ် စုံတရာကိုမှ မလုပ်ဆောင်နိုင်ပါ။ သူသည် ကျွန်ုပ်တို့လိုအပ်ချက် အားလုံး၏ အဆုံးဖြစ်ပြီး ရိုးရှင်း စွာဖြင့်နားလည်နိုင်သော လမ်းဆုံး ပင်ဖြစ်ပါသည်။

ဤအလင်းထဲတွင် ကျွန်ုပ်တို့လုပ်ဆောင်ခဲ့သည့်အရာများကို ကျွန်ုပ်တို့မြင်တွေ့နိုင်ပါသည်။ ယေရှုအသွေးတော်ကို လမ်းခရီးအဖြစ်ရရှိကြပါသည်။ အမှန်တရား လမ်းကြောင်းအားလုံးကို လိုက် လျှောက်ဖို့ရန် ကျွန်ုပ်တို့ဆန္ဒရှိကြပါသည်။ တစ်ခါတရံ ကျွန်ုပ်တို့က အဖိုးအခပေးကြရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ရှာဖွေသောခရီးဆုံးက အလွန်နှစ်သက်ဖွယ်ကောင်းသော အရာ ကိုတွေ့မြင်ဖို့ရန်ဖြစ်ပါသည်။ အို အဖဘုရားလို အင် ဆန္ဒတောင့်တစွာဖြင့် ကျွန်ုပ်ဆုတောင်းပါသည်။ ကျွန်ုပ်၏ သာသနာအပေါ် ကိုယ်တော် ထင်ရှားဖို့ရန် နိုးထမှုအတွက်ကုန်ကျစရိတ်မှန်သမျှကို ကျွန်ုပ် ပေးကမ်းပါမည်။ သို့သော်လည်း နောက်ကွယ်တွင် စိတ်လှုပ်ရှားမှုက ကိုယ်ပိုင်ဆန္ဒကိုယ်ကျိုးအတွက် သိမ်မွေ့စွာဖြင့် မကြာခဏလိုက်လာပါသည်။ ဆုတောင်းချက်ထဲတွင် ကျွန်ုပ်တို့စိတ်ဒုက္ခ ရောက်မည့်အရာ များဖြင့်အဆုံးသတ်ဖို့ရန်ဘုရားသခင်အလိုမရှိပါ။

ကျွန်ုပ်တို့၏စိတ်သည် ကိုယ်ပိုင်တောင့်တခြင်း၏နောက်ကိုလိုက်ကာ စိတ်လှုပ်ရှားနေမည် ဆိုလျှင်လည်း သခင်ဘုရားနှင့် ကျွန်ုပ်တို့ရရှိသော အမှန်တရား၏ အဆုံးက ဤအရာများမဟုတ်ပါ။ ယေရှုကိုယ်တိုင်သာလျှင် ကျွန်ုပ်တို့၏အဆုံးသတ်ဖြစ်ပါသည်။ ရရှိသောအမှန်တရားသည် ကောင်းချည်းမင်္ဂလာ (သို့) ဘုရားသခင်အသုံးပြုဖို့ (သို့) တန်ခိုးတော်နိုးထမှုလုပ်ဆောင် နိုင်ခြင်းများ မဖြစ်သင့်ပါ။ သူ့ကိုရရှိဖို့သာဖြစ်ပါသည်။ ကျွန်ုပ်တို့၏အပြစ်များက သူနှင့်ထိတွေ့ဖို့ရန် ကာဆီးပါသည်။ သူ၏ချစ်စရာကောင်းသော မျက်နှာနှင့် ကျွန်ုပ်တို့၏အကြားတွင် မိုးတိမ်တစ်ခုက ကာဆီးနေကာ အရင်းခံအကြောင်းတရား အားလုံးအတွက် သူနှင့်ပြန်လည်မိတ်သဟာရဖွဲ့ခြင်းဖြင့် ကျွန်ုပ်တို့က သူ့ကိုတွေ့ချင်ကြပါသည်။ သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့က နောင်တတရား၏ လမ်းကြောင်းသို့ သွားသင့်သည့် အချက်ဖြစ်ပါသည်။ အခြား လှုပ်ရှားမှုများထက် သူ့ကို တောင့်တကြဖို့ရန်ဖြစ်သည်။ သူသာလျှင် ကျွန်ုပ်တို့၏ အဆုံးသတ်ဖြစ်စေဖို့ရန်ဖြစ်ပါသည်။ သို့သော် သတိပြုရမည့်အချက်မှာ အခြား

သော ရုပ်တု စိတ်စွဲလမ်းမှုများက ကျွန်ုပ်တို့၏နှလုံးသားထဲသို့ အလွယ်တကူ နေရာယူ ကာ အဆုံးသတ်လာ တတ်ပါသည်။

နူနာစွဲသော လူဆယ်ယောက်အကြောင်းကို ကြည့်သောအခါ ဆယ်ဦးထဲမှ တစ်ဦးက သာလျှင် ယေရှုထံပြန်လာပြီး ကျေးဇူးချီးမွမ်းခဲ့ပါသည်။ အခြားသောလူကိုးဦးမှာမူ သူတို့၏ ရောဂါ ပျောက်ကင်းကြောင်းကို ပြောဆိုကာ အသက်တာသစ်ဖြင့် ပျော်ရွှင်ဖို့အရေးကို စိတ်ထက်သန်ကြပါသည်။ ယေရှုကသူတို့အတွက်ဖြစ်သော်လည်း ကျန်းမာသော အသက် တာက သူတို့အတွက် အဆုံးသတ်ဖြစ်လာပါသည်။ သို့သော် သူ၏ရှေ့သို့ စိတ်ထက်သန် စွာဖြင့် ပြန်ရောက်ရှိလာသောသူအတွက်မှာမူ ယေရှုသည်သူ၏ကျန်းမာခြင်းကို ပေးသောသူ ဖြစ်ယုံတင်မကဘဲ သူကိုယ်တိုင်၏ အဆုံးသတ်ဖြစ်ပါသည်။

**သူ၏ တင်းတိမ်ကျေနပ်ခြင်းတစ်ခုသာ**

ကျွန်ုပ်တို့၏ ကြည်ညိုလေးစားရသောသခင်က နှိမ့်ချသည့်စိတ်ထားရှိသလိုပဲ ကျွန်ုပ် တို့၏ ဝိညာဉ် ရေးရာအစပြုခြင်း၌လည်း တန်ခိုးတော်၊ ပျော်ရွှင်ခြင်း၊ ငြိမ်သက်ခြင်းဖြင့် အဆုံး သတ် ဖို့ရန် ကျွန်ုပ်တို့ကတောင့်တကြပါသည်။ တကယ်တော့ လူတွေကသူတို့၏ အပြစ် ထဲတွင် ကိုယ်ကျိုးအတွက်အသာကြည့်ခြင်းမှ အမြင်မှန်ရရှိဖို့သည် ဘုရားသခင်၏ တောင့်တ သော အရာဖြစ်ပါသည်။ သတင်းကောင်း၏ မေတ္တာရပ်ခံချက်များကြုံတွေ့ရမည့် အမျက် ဒေါသမှ ရှောင်လွှဲဖို့ရန်ဖြစ်သည်။ ဤ အရာက ကျွန်ုပ် တို့အကျိုးအတွက်ပင်မဟုတ်ပါလား။ ဆိုလိုသည်မှာ သူက ကျွန်ုပ်တို့ကို တွေးတောစေလိုသောအရာမှာ အဆုံးသတ်အဖြစ် လွတ်မြောက်မည့် ကားတိုင်လမ်းကြောင်းဖြစ်ပြီး ဤလမ်းကြောင်းက သူနှစ် သက်သော အရာဖြစ်ပါသည်။ သို့သော် သူကိုယ်တိုင်ထက် အခြားသောအရာများဖြင့် အဆုံးသတ်ခြင်း ကိုတော့ သူကခွင့်ပြု နိုင်မည်မဟုတ်ပါ။ ဤအရာများဖြင့် အဆုံးသတ်ခြင်းက ကျွန်ုပ်တို့ကို ကျေနပ်မှုပေး နိုင်မည်မဟုတ်ကြောင်းကို သူကသိရှိနေပါသည်။ ထို့ကြောင့် သူ့၌ အဆုံးသတ်

အနားယူသည်ထိတိုင် အမြဲလှုပ်ရှားနေပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့က သူ့အတွက်ဖြစ်ကြသော ကြောင့်ဖြစ်ပါသည်။

အဆုံးသတ်အနေဖြင့် ဤအခြားသောအရာများကိုသာ စွဲလန်းနေကြပါက သူ၏နှလုံးသားက ကျေနပ်ရောင့်ရဲမည်မဟုတ်ပါ။ သမ္မာကျမ်းစာက သင်ပြသည့်အရာမှာ ယေရှု၏ကားတိုင်ရည် မှန်းချက်က သူနှင့်ပြန်လည်သင့်မြတ်ဖို့ရန်ဖြစ်ပါသည်။ ( ၂ ကော ၅ း ၁၉ ) ထို့အပြင် ဘုရားသခင် က ယေရှုကိုယ်တိုင်အားဖြင့် အမွေခံသားသမီးဖြစ်ဖို့ရန် ကျွန်ုပ်တို့ကိုကြိုတင် စီမံထားသည့် အကြောင်းကို ပြောဆိုလိုပါသည်။ (ဧပေတ် ၁ း ၅) ဤသို့သောအကြောင်းကြောင့် ကျွန်ုပ်တို့အတွက် ယေရှုက သူ့အသက်ကို ပေးဆပ်ခဲ့ပါသည်။ ထိုသခင်ယေရှုခရစ်တော်သည် ခပ်သိမ်းသောဒုစရိုက်မှ ငါတို့ ကိုရွေးနုတ်ခြင်းငှာလည်းကောင်း၊ ကောင်းသောအကျင့်ဘက်၌စိတ်အားကြီး၍ ပိုင်ထိုက်သောအမျိုးကိုမိမိအဖို့ စင်ကြည်စေခြင်းငှာလည်းကောင်း ကိုယ့်ကိုကိုယ်စွန့်တော်မူပြီ။ (တိရ ၂ း ၁၄)

ထို့ကြောင့် အခြားသောအရာများနောက်သို့ လိုက်သောကျွန်ုပ်တို့၏ ကြိုးပမ်းချက်များကို ရပ်တန့်ဖို့ရန် သူကကျွန်ုပ်တို့ကိုအလိုရှိပါသည်။ အဆုံးသတ်အနေဖြင့် သူက ကျွန်ုပ်တို့ကို ပြောဆိုမည့် အရာမှာချစ်သား၊ သင်အညံ့ခံပြီး နောင်တရကာ ငါနှင့်အတူ အမှန်တရားကို လိုက်မည်ဆိုလျှင် သင်သည်သောကနှင့် ကင်းဝေးကာ ကြီးမားသော တန်ခိုးဖြင့် သင်၏ လုပ်ဆောင်ချက်ကို အောင်မြင်မည် (သို့)နိုးထမှုကိုဖြစ်မြောက်စေမည်ဟု ငါကတိမပြုပါ။ ငါကတိပြုသည့်အရာက သင်သည် ငါနှင့်အတူလျှောက်ပြီး သင်၏အပြစ်ကို ဖွင့်ပြကာစွန့်ပစ်လျက် ဆေးကြောသန့်စင်မည်ဆိုလျှင် ဤအပြစ်များက သင့်တွင်ရှိတော့မည်မဟုတ်ပါ။ ငါ့အနေဖြင့် သင်၏လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးခြင်းဖြင့် ကျေနပ်တင့်တိမ်ခြင်းနှင့် သင့်အဆုံးသတ်ကား ဘုရားသခင်၏ အလိုတော်သည် သင့်အတွက်ဖြစ်ပါလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့ထံ ဤ အရာရောက်ရှိလာသောအခါ ကျွန်ုပ်တို့က စိတ်ပျက်စရာတစ်ချို့ခံစားရပါသည် (ဖေက် ၅ း ၂၅)။

ကိုယ်တော်ကိုယ်တိုင်ပင်လျှင် ငါတို့၏အပြစ်များကို ကိုယ်ခန္ဓာပေါ်တွင် ယူဆောင်ကာ လက်ဝါးကပ်တိုင်၌ ဒုက္ခဝေဒနာခံတော်မူ၏ (၁ ပေ ၂ း ၂၄) ဤနေရာတွင် ကိုယ်စားလှယ် အမှုထမ်းခြင်းမဟုတ်ပါ။ သူ၏ကိုယ်ပိုင်ပုဂ္ဂိုလ်အနေဖြင့် တက်နိုင်သလော ပေးဆပ်ခြင်း မဟုတ်ပါ။ ယေရှု၏ ဒုက္ခဝေဒနာများက ကန့်သတ်ချက်မရှိပါ။ ယောဘကဲ့သို့ပင်ဖြစ်ပါသည်။ "သူ၏ ရှိသမျှသည် သင့် လက်၌ရှိ၏။ သူ့ကိုယ်တစ်ခုကိုသာ မထိခိုက်နှင့် (ယောဘ ၁ း ၁၂) သူ့အသက်တစ်ခုကိုသာလွတ်စေ (ယောဘ ၂ း ၆) ယေရှုက ထိုက်တန်သောအရာ များအတွက် သီးသန့် သူ့အသက်ကိုပေးဆပ်ခြင်းမဟုတ်ပါ။ အားလုံးကိုကယ်တင်ဖို့ရန် အတွက်ဖြစ်သည်။ သူ့ကိုယ်သူမကယ်တင်ပါ။ (မသဲ ၂၇း၄၂) အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ကိုယ်စား သူကိုယ်တိုင်က အသက်ပေးဆပ်ဖို့ရန် လိုအပ် သောကြောင့်ဖြစ်ပါသည်။ ဤ အချက်က သူကမည်သို့သောသူဖြစ်ပြီး ကျွန်ုပ်တို့ကိုကယ်တင်နိုင်သည့် အချက်ဖြစ်သည်။ သူက သူ့အသက်ကိုကျေနပ်စွာဖြင့်ပေးခဲ့ပါသည်။ သူသည် ဘုရားဖြစ်ပြီး ထာဝရ ကောင်းချီးမင်္ဂလာရှိသော ဘုရားသခင်ဖြစ်ပါသည်။ ထို့ကြောင့် သူ၏အဆုံးမရှိသော ကိုယ်ရည် သွေးကိုတွေ့ရှိနိုင်ပါသည်။ သူသည် ပြည့်စုံသောလူပုဂ္ဂိုလ်ဖြစ်သောကြောင့် လူ၏ နေရာမှခံစားချက် နှင့် နာခံနိုင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ကို ကယ်တင်နိုင်သော ဧမာနွေလ ဖြစ်ပါသည်။ "ကျွန်ုပ်တို့နှင့် အတူရှိသော ဘုရား (မသဲ ၁ း ၂၃)။

ထို့ကြောင့် သင့်အပေါ်ကျေနပ်အောင်လုပ်ဆောင်သည့်အချက်ကို လေ့လာသောအခါ ယေရှု ကိုယ်တိုင်၏ အသက်ဝင်မှုပင်ဖြစ်ပါသည်။ ဟေဗြဲထဲတွင် တမန်တော်ကလည်း သူ့အကြောင်းကို ဤသို့ဖော်ပြခဲ့ပါသည်။ ငါတို့အပြစ်များကို ကိုယ်တော်ကိုယ်တိုင်အားဖြင့် သုတ်သင်ရှင်းလင်းပြီး (ဟေဗြဲ ၁ း ၃) သူ၏ပေးဆပ်ခြင်းဖြင့် သုတ်သင်ရှင်းလင်းခဲ့ပါသည်။ သူကိုယ်တိုင်က ကိုယ့်ကိုကိုယ် ပူဇော်ပသခဲ့ပါသည်။ (၇း၂၇) အသွေးသွန်း ယစ်ပူဇော်သော ပလ္လင်၌ ယစ်ပရောဟိတ်တစ်ဦး၏ ပူ ဇော်သက္ကာသည် နွားထီး၊ ဆိတ်ထီး၊ သိုးထီး တစ်ကောင် ကောင်ဖြစ်သော်လည်း သူကိုယ်တိုင်က ကိုယ့်ကိုကိုယ်ဆပ်ကပ်ခဲ့ပါသည်။ ကမ္ဘာဦးမှ အဖန်ဖန်

အသေခံသော အရာက ယခုတွင်ကပ်ကာလ အဆုံးအတွက် တစ်ခါတည်းကိုယ့်ကိုကိုယ် ပူဇော်သောအားဖြင့် ကျွန်ုပ်တို့၏ အပြစ်များကိုသုတ်သင် ဖယ်ရှင်းခြင်းငှာ ပေါ်ထွန်းတော်မူ၏။ (ဟေဗြဲ ၉း၂၆)

ဘုရားသခင်နှင့် ကျွန်ုပ်တို့ကောင်းမွန်စွာကျေနပ်နိုင်သည့်အကြောင်းမှာ သူ့ကြောင့်ဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့၏မွေးကြိုင်သောယဇ်ဖြစ်ပါသည်။ သူ့အားဖြင့် ကျွန်ုပ်တို့၏ အပြစ်များသုတ်သင်ရှင်းလင်းသည်ကိုတွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ကျွန်ုပ်တို့ အပြစ်ယစ်ကောင်ဖြစ်သွားသောကြောင့်ဖြစ်ပါသည်။ အညစ်အစွန်းကို ရေဖြင့်လျှော်ဖွတ်သန့်စင် သကဲ့သို့ပင် ကျွန်ုပ်တို့၏အပြစ်အညစ်အစွန်းကို အသွေးတော် အားဖြင့် သန့်စင်ဆေးကြောပေးပါသည်။

ထို့ကြောင့် ယခု၌ ယေရှုသည်ကျွန်ုပ်တို့၏ယုံကြည်ချက်မဏ္ဍိုင်ဖြစ်ပါသည်။ သမ္မာကျမ်းစာတွင် သူ့ကိုအမြဲဖော်ပြပါသလား။ ယေရှုကိုကြည့်ပါ။ သူ့ကိုချဉ်းကပ်ပြီး သူ့အတွက်အသက်ရှင်ကြပါစို့။ သစ္စာရှိစွာဖြင့် သူ့အကြောင်းကိုပြောကာ အသက်ရှင်ကြပါစို့။ ငါတို့ကိုဆုံးမသွန်သင်၍ လူအပေါင်းကို ကယ်တင်သော ဘုရားသခင်၏ ကျေးဇူးတော်သည် ထင်ရှားပေါ်ထွန်းလျက်ရှိ၏။ (တိ ၂ း ၁၃ -၁၄) သခင်ဘုရားသည် ကြွေးကြော်ခြင်း ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ ကောင်းကင် ဘုံမှကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌ သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည် ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရား ထံတော်သို့ရောက်စေခြင်းငှာ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကို ခံရသော အားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ် နေကြရလိမ့်မည်။ (၁သက် ၄ း ၁၆ -၁၇)

# ယေရှုကိုယ်တိုင်က သူ၏ကိုယ်ပိုင်အလုပ်၏အနှစ်သာရဖြစ်

**Jesus Christ Himself – The Essence Of His Own Work**

**By Charles H.Spurgen (1839-1892)**

ယေရှုကိုယ်တိုင်သည် သတင်းကောင်း၏ အနှစ်သာရဖြစ်ပါသည်။ တမန်တော်ပေါလုက ရှင်းရာ၌ သတင်းကောင်းဟောကြားခြင်းဟု ပြောဆိုခဲ့ပြီးခရစ်တော်သည် ဟောပြောသူ ဖြစ်သည်ဟုဆိုခဲ့ပါသည်။ (ဖိလိပ္ပိ ၁ း ၁၈) သတင်းကောင်းကလည်း ယေရှုကိုယ်တိုင်ဖြစ်ပြီး ယေရှုပြောဆိုသော အရာကိုသိရှိလိုလျှင် သူသည်ဘုရားသခင်၏ သမ္မာတရားက လူအဖြစ်ဝင်စားခြင်းဖြစ်ပါသည်။ သူ့အားဖြင့် သူ့အထဲမှ လူသားကိုဖွင့်ပြခြင်းဖြစ်သည်။ သူကိုယ်တိုင်က ငါသည်လမ်းခရီးဖြစ်၏ သမ္မာ တရားလည်းဖြစ်၏ အသက်လည်းဖြစ်၏ဟု ပြောဆိုခဲ့ပါသည်။ (ယောဟန် ၁၄ း ၆) ထို့ကြောင့် မြင့်မြတ်သောကျွန်ုပ်တို့ဆရာ၏ ဖော်ပြချက်ကို သိကျွမ်းဖို့ရန် ထူးခြားသောရှင်းလင်းချက်စာအုပ် များစွာကို ကိုင်စွဲဖို့ရန် မလိုအပ်ပါ။ သူ၏အရိပ်အခြေကိုပြန်လည်ကြည့်ရှုပါ။ သူ၏လုပ်ဆောင်ချက် ကိုကြည့်ရှုပါ။ သူ၏စိတ်သဘောကိုမှတ်သားပါ။ သူ၏သင်ကြားချက်ကိုသိရှိပါ။ သူသည်ပြောသည့် အတိုင်း အသက်ရှင်သောသူဖြစ်ပါသည်။ သူ၏ခံရသောဒဏ်ရာများကိုလေ့လာပါ။ သူ၏အတွင်းကျသော ဒဿနကိုသိရှိပါ။

ယေရှု ခရစ်တော်ကိုယ်တိုင်သည် သူ့ကိုယ်ပိုင်အလုပ်၏အနှစ်သာရဖြစ်သောကြောင့် ကျွန်ုပ်တို့က သူတို့ကိုစားဖို့အဆင်သင့်ဖြစ်သင့်ပါသည်။ သူကိုယ်တိုင်က ကယ်တင်ခြင်း၏ အသက်သွေးကြောပင်ဖြစ်ပါသည်။ တပည့်တော်က မည်သို့ဖော်ပြခဲ့ပါသနည်း။ သူသည် ကျွန်ုပ်ကိုချစ်ပြီး ကျွန်ုပ် အတွက်ကိုယ့်ကိုကိုယ်စွန့်တော်မူ၏။ (ဂလာတိ ၂ း ၂၀) ကျွန်ုပ်တို့အတွက် သူက သူ၏ကောင်း ကင်ပျော်ရွှင်မှု သူ၏ပလ္လင်၊ သူ၏ သရဖူကို စွန့်လွှတ်ခဲ့ပါသည်။ ထို့အပြင် ကိုယ့်ကိုကိုယ်စွန့်လွှတ်ခဲ့ပါသည်။ လောကတွင် သူ၏အသက်ကိုစွန့်ခဲ့ပါသည်။ လောက စည်းစိမ်သက်တောင့်သက်သာခြင်း အားလုံးကို ငြင်းပယ်ခဲ့ပါသည်။ ဒုက္ခတရား

အားလုံးကို ခံစားခဲ့ပါသည်။ သူ၏ခန္ဓာကို ပေးဆပ်ခဲ့ ပါသည်။ သူ၏နှလုံးသားနှင့် အသွေးတော်ကိုပေးဆပ်ခဲ့ပါသည်။ အနှစ်ချုပ်ပြီးပြောရမည်ဆိုလျှင် ကျွန်ုပ်အတွက် ကိုယ်ကိုကိုယ်ပေးအပ်ခဲ့ပါသည်။ ခရစ်တော်က အသင်းတော်ကိုချစ်ပြီး ကိုယ့်ကို ကိုယ်ပေးအပ်ခဲ့ပါသည်။ သို့သော်ကျွန်ုပ်တို့က ကိုယ့်ကိုယ်ကျိုးအတွက် သူ၏ဆုကျေးဇူး၊ ပိုင်းခြားတတ်သော ပညာကိုတောင့်တကြပါသည်။ ဓမ္မဆရာက ဤသို့ရေးစပ်ခဲ့ပါသည်။ သူ့အတွက်မဟုတ် သော အရာများကို ကျွန်ုပ်တောင့်တမိပါသည်။ ထို့ကြောင့်သူကရရှိဖို့ရန် ခွင့်မပြုခဲ့ပါ။

**ခပ်သိမ်းသောအရာအားလုံး**

မည်သို့ပင်ဖြစ်စေ အံ့ဩစရာကောင်းသောအရာမှာ ကျွန်ုပ်တို့က အခြားသောအရာများကို ကျွန်ုပ်တို့၏ အဆုံးသတ်ဖြစ်စေသောအပြစ်ကို စီရင်ဖို့ရန်ဆန္ဒရှိဖို့ဖြစ်ပြီး သခင် ယေရှုတစ်ဦးတည်းကိုသာ ကျွန်ုပ်တို့၏အဆုံးသတ်ဖြစ်စေလိုသော ဆန္ဒရှိဖို့ရန်ဖြစ်ပါသည်။ ဘုရားသခင်က ယခုကျွန်ုပ်တို့ ရှာဖွေသောအရာများကို သူနှင့်အတူ ကျွန်ုပ်တို့ကိုပေးချင်ပါသည်။ သားတော်နှင့်တကွ ခပ်သိမ်းသောအရာများကို ငါတို့အားမပေးဘဲ အဘယ်သို့ နေတော်မူမည်နည်း။ (ရောမ ၈ း ၃၂)

ဤခပ်သိမ်းသောအရာအားလုံးသည် ဘုရားသခင်၏ ရက်ရောသော အစိတ်အပိုင်းများအဖြစ် မထည့်သွင်းပါဟု မည်သူကပြောဆိုနိုင်ပါမည်နည်း။ သူ့ကိုယ်စား သခင် ယေရှုနှင့်လို လားစွာ လျှောက်လှမ်းသောသူများအတွက် ဘာကြောင့်သူက မလုပ်ဆောင်ဘဲ နေပါမည်နည်း။ ဖြစ်နိုင်သည့် အချက်မှာ ဇောလမွန်က ပညာကိုတောင်းဆိုသောအဖြစ်အပျက်သည် ဥပမာပင်ဖြစ်ပါသည်။ ၃ဓမ္မရာ ၃း ၅ -၁၃) ဘုရားသခင်က ဇောလမွန်ထံ ပြောဆိုခဲ့ပါသည်။ သင့်အားမည်သည့်အရာကို ပေးရမည်နည်း။ သူကကိုယ်ကျိုးအတွက် ရှာဖွေအဆုံးမသတ်ဘဲ ရိုးရှင်းစွာဖြင့်သာ တောင်းဆိုခဲ့ ပါသည်။

ကိုယ်တော်ကျွန်သည် ကိုယ်တော်၏လူတို့ကိုတရားစီရင်နိုင်မည့်အကြောင်း ကောင်းမကောင်း ပိုင်းခြား၍ သိတတ်သောဉာဏ်ကို ပေးသနားတော်မူပါ။ (၃ း ၉) ဤအချက်က

နာခံတတ်သော နှလုံးသား၊ ရိုးသားသောပင်ကိုယ်စရိုက်ဖြစ်ပြီး ဘုရားသခင်ကြားချင် သောအရာဖြစ်ပါသည်။ ဘုရား သခင်က စောလမွန်လျှောက်တင်မှုအပြီးတွင် အလွန်ကျေနပ်ကာ ဤသို့ပြောဆိုခဲ့ပါသည်။ သင်သည် ရှည်သောအသက်ကိုမတောင်း၊ စည်းစိမ်ကိုလည်း မတောင်း၊ ရန်သူတို့၏အသက်ကိုလည်း မတောင်းတရားစီရင်ခြင်းငှာ တတ်နိုင်သသော ဉာဏ်ကိုသာ ကိုယ့်အဖို့တောင်းလျှောက်သောကြောင့် သင်တောင်းလျှောက်သည့်အတိုင်း ငါပေး၏။ ၃ဓမ္မ ၃ း ၁၁ - ၁၂) သူတောင်း လျှောက်သောအရာကို နောက်ဆုံး၌ ရရှိခဲ့ပါသည်။ သို့သော် ဤ မျှနှင့်မပြီးဆုံးဘဲ ဘုရားသခင်က ထိုမှတစ်ပါး သင်နှင့်တူသောရှင် ဘုရင်တစ်ယောက်ကိုမျှ သင့်လက်ထက်၌ မရှိစေခြင်းငှာ သင်မ တောင်းသောဆု၊ စည်းစိမ်ဥစ္စာဂုဏ်အသရေကို ငါပေး၏ဟုပြောဆို ခဲ့ပါသည်။ (၃ း ၁၃) ဘုရား သခင်က စောလမွန်၏အလိုဆန္ဒတစ်ခုသာမကဘဲ များစွာသောအရာကို ပေးခဲ့ပါသည်။ ထို့အပြင် သူ၏လက်ထက်၌ အခြားသောရှင်ဘုရင်ကို ရပ်စဲခဲ့သည်ထိတိုင် သူ့အပေါ်အဆုံးသတ် ကောင်းချီးပေးခဲ့ပါသည်။ ဤကဲ့သို့ပင် ကျွန်ုပ်တို့ကလည်း ကိုယ်ကျိုးအတွက် အဆုံးသတ် သောအခါ ဘုရား သခင်ကဖြည့်ဆည်းပေးမည်ဖြစ်သည်။ ထို့ကြောင့် ယေရှုကိုသာ အဆုံး သတ်ကာ တင့်တိမ်ကျေနပ် ကြဖို့ရန်ဖြစ်ပါသည်။ သူနှင့်အတူ ဘုရားသခင်က သူ၏ အလိုတော်ကို ကျွန်ုပ်တို့အား ပေးကမ်းသွားမည်ဖြစ်သည်။

သခင်ယေရှုကပြောကြားသည်မှာ သူ့ထံသို့လာသောသူတွေက ခမည်းတော်ဆီသွားမည့်လမ်းကိုသာတွေ့ရှိမည်မဟုတ်ဘဲ ခမည်းတော်ကိုယ်တိုင်ကိုတွေ့ရှိမည့်အကြောင်းဖြစ်ပါသည်။ သေချာသည့်ရာတစ်ခုမှာ ကျွန်ုပ်တို့ရှာဖွေသော အခြားသောကောင်းချီး မင်္ဂလာ များကိုလည်း ရရှိမည့် အဓိပ္ပါယ်ဖြစ်ပါသည်။ စစ်မှန်သော သမ္မာတရားမှာ သူကိုယ်တိုင် ကကောင်းချီး မင်္ဂလာလမ်း ကြောင်းတစ်ခုတင်မကဘဲ သူကိုယ်တိုင်က ကျွန်ုပ်တို့ လိုလားသော ကောင်းချီး မင်္ဂလာပင်ဖြစ်ပါသည်။ တန်ခိုးတော်ရရှိမည့် လမ်းကြောင်း သာမကဘဲ ကျွန်ုပ်တို့၏ တန်ခိုးတော်ဖြစ်ပါသည်။ အောင်မြင်ခြင်း၏လမ်းကြောင်းတစ်ခုတင်မဟုတ်ဘဲ ကျွန်ုပ်တို့၏

အောင်မြင်ခြင်းဖြစ်ပါသည်။ ကျေနပ် တင့်တိမ်ခြင်း လမ်းကြောင်းတစ်ခုတင်မကဘဲကျေနပ် တင့်တိမ်ခြင်းဖြစ်ပါသည်။ ကျန်းမာခြင်းလမ်းကြောင်းတစ်ခုလည်းမဟုတ်ဘဲ ကျွန်ုပ်တို့၏ ကျန်းမာခြင်းဖြစ်ပါသည်။ နိုးထမှု လမ်းကြောင်း တစ်ခုတင်မကဘဲ ကျွန်ုပ်တို့၏နိုးထမှု ဖြစ်သည်။ သူသည် ခပ်သိမ်းသောအရာ အားလုံးဖြစ်ပါသည်။ ကျွန်ုပ်တို့လိုအပ်သော အရာများကို သူကိုယ်တိုင်ကလုပ်ဆောင်ပေးပါသည်။ ဘုရားသခင် ကောင်းမြတ်ခြင်းအားလုံးက သူ့အထဲတွင် ကိန်းဝပ်နေပါသည်။ ရှင်ပေါလုက ဤသို့ပြောဆိုခဲ့ပါသည်။ ထို သခင်၌ သင်တို့သည် စုံလင်ခြင်းရှိကြ၏။ (ကောလောသဲ ၂း ၁၀)

အပြစ်သားတစ်ယောက်ဖြစ်သော ကျွန်တော်တို့က သူ့ထံသို့ရောက်ရှိသောအခါ ကျွန်ုပ်တို့၏ လိုအပ်ချက်အားလုံးက သူ့တွင်ရှိနေကြောင်းကိုမြင်တွေ့ရပါသည်။ မည်သည့် လမ်းကြောင်းကို ကျွန်ုပ်တို့စဉ်းစားနေကြပါစေ ကောင်းချီးမင်္ဂလာလမ်းကြောင်းတစ်ခုထဲတွင် ကားတိုင်ထက်ပို၍ ကြီး မြတ်သောအရာမရှိပါ။ ပင်တေကုတ္တေတွင်တွေ့ရှိပါသည်။ ပင်နေကုတ္တေတွင်မဟုတ်ဘဲ အပြစ်သား များနောင်တရသောကာရာနီ၌ဖြစ်ပါသည်။ ဤ နေရာတွင်လည်းဘဲ ပြန်လည်ရှင်သန်နိုးထမှုနှင့် အခြားခရီးနှင့်အဆုံးသတ်က ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။ တဒင်္ဂခဏတာအချိန်အတွင်း ယုံကြည်ခြင်းတရား၏ လုပ်ဆောင်ချက် တစ်ခုစီကိုအတူ တကွတွေ့ရမည်ဖြစ်သည်။

**“ခရစ်တော်ကို ကျော်လွန်နိုင်သောအရာမရှိပါ”**

ယခုကျွန်ုပ်တို့က ဝိညာဉ်ရေးရာ၏ အသက်တာထဲတွင် အဆင်မပြေစေသော အရာများ၏ အကြောင်းတရားများကို သဘောပေါက်နားလည်မည့် အခြေအနေတစ်ခုတွင် ရှိနေကြပါသည်။ ကျွန်ုပ်တို့က ငြိမ်သက်ခြင်း၊ သန့်ရှင်းခြင်း၊ အောင်မြင်ခြင်း၊ နိုးထခြင်းစသော

သခင်ယေရှု၏ဖြည့် စွက်မည့်အပိုင်းမှ ကောင်းချီးမင်္ဂလာများကို ရှာဖွေကြပါသည်။ သို့သော် အချည်းအနှီးသက်သက်သာဖြစ်နေပါသည်။ ကျွန်ုပ်တို့က ယေရှု၏ အသွေးတော် လမ်းကြောင်းသို့ လျှောက်ဖို့ရန် ဆန္ဒရှိနေကြပြီး နောင်တတရားကိုရချင်ကြပါသည်။ ချစ်ခြင်းမေတ္တာ၏ကြီးမားသော နှစ်ခြင်းနှင့် တန်ခိုးတော် တစ်စုံတစ်ခုကိုလက်ခံရရှိဖို့ စောင့်မျှော်နေပါသည်။ ကျွန်ုပ်တို့က ကျော်လွှားအောင်မြင်နိုင်သည့် သဘောတရား(သို့) ခွင့်ပြုသဘောတူချက်၏ အကြောင်းရင်းတစ်ခုစီကို နားလည်ဖို့ရန် ဖြစ်ပါ သည်။

တပည့်တော်က ဘေးပတ်ဝန်းကျင်ရှိ လှိုင်းဂယက်များကိုကြည့်သောအခါ စတင်နှစ်မြုပ်ခဲ့ပါသည်။ ယေရှုကိုကြည့်သောအချိန်တွင် ကျောက်ပေါ်တွင်လမ်းလျှောက် သကဲ့သို့ ရေပြင်ပေါ်တွင် လျှောက်လှမ်းနိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်က ပိုများလေလေ စုံစမ်းနှောင့်ယှက်မှုက ကြောက်စရာကောင်းလာလေလေဖြစ်လာပြီး ယေရှုကို ကြည့်ဖို့ရန် မရှိမဖြစ်လိုအပ်ပါသည်။ ယေရှုကို ကျွန်ုပ်တို့က အာရုံပြုကြည့်ရှုသောအခါ သူက မုန်တိုင်းကြားမှ ကျွန်ုပ်တို့လိုအပ်သောရဲရင့်ခြင်းနှင့် လိုအပ်သောအရာအားလုံးကို သစ္စာရှိ စွာဖြင့် ပေးအပ်ခဲ့ပါသည်။ သူ့အထဲတွင် ကျွန်ုပ်တို့၏ ခွန်အား၊ အားပေးစကား၊ ငြိမ်သက်ခြင်း၊ နှစ်သိမ့်ခြင်း၊ ကျန်းမာခြင်း၊ မျှော်လင့်ခြင်း၊ အသက်ရှင်ခြင်း၊ ပျော်ရွှင်ခြင်း နှင့် အောင်မြင်ခြင်းက ရှိနေပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့ထံ သူပြောဆိုခဲ့သော နှုတ်ကပတ်တော်စကားလုံးအချို့ကိုဆင်ခြင်ကြပါစို့။

ဝန်လေး၍ပင်ပမ်းသောသူအပေါင်းတို့ ငါ့ထံသို့လာကြလော့။ ငါသည် ချမ်းသာပေးမည်။ (မဿဲ ၁၁ း ၂၈) ငါ၏ ငြိမ်သက်ခြင်းကို သင့်အားပေးမည်။ စိုးရိမ်ကြောင့်ကျခြင်းမရှိနှင့်(ယောဟန် ၁၄ း ၂၇)

သင်တို့သည် လောကဆင်းရဲဒုက္ခကိုခံကြရလိမ့်မည်၊ သို့သော် မစိုးရိမ်နှင့်လောကကို ငါအောင်ပြီဟု မိန့်တော်မူ၏။ (ယောဟန် ၁၆ း ၃၃)

အကြောင်းမူကား ငါသည် သင့်ကိုမစွန့်၊ သင့်ကိုအလျှင်ပစ်၍မထားဟု ကတိတော်ရှိ၏။ ထို့ကြောင့်ထာဝရ ဘုရားသည် ငါ့ကိုမစတော်မူသည်ဖြစ်၍ လူသည် ငါ၌ပြုနိုင်သမျှကို ငါမကြောက် ငါတို့သည် ရဲရင့်သောစိတ်နှင့်ပြောဆိုရသော အခွင့်ရှိကြ၏(ဟေဗြဲ ၁၃း၅ -၆)

"ယေရှုအတွက် ခပ်သိမ်းသောအရာအားလုံး"

ဤနေရာတွင် အသိပေးလိုသောအရာမှာ ခရစ်တော်က သူ၌ရှိသောအရာအားလုံးနှင့် သူ၏ ကိုယ်ခန္ဓာကို ကျွန်ုပ်တို့အားပေးခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကလည်း ကျွန်ုပ်တို့၏ ရှိသမျှကို သူ့အားပေးကြဖို့ရန်ဖြစ်ပါသည်။ ကိုယ့်ကိုကိုယ်ငြင်းပယ်ကာ ကားတိုင်ကိုထမ်းပြီး သူ့နောက်သို့လိုက် ဖို့ရန် ကျွန်ုပ်တို့ကိုဖိတ်ခေါ်ခဲ့ပါသည်။ ထို့ကြောင့် တမန်တော် ရှင်ပေါလုကဲ့သို့ပင် ကျွန်ုပ်တို့က ပြောဆိုနိုင်ကြဖို့ရန်ဖြစ်ပါသည်။ တမန်တော်ပေါလုက ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ် တိုင်မှာ အသေခံပြီ။ သို့သော်လည်းအသက်ရှင်သေး၏။ ထိုသို့ဆိုသော်ငါသည် ကိုယ်တိုင်မရှင် ခရစ်တော်သည် ငါ့၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခု ငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဖို့ကိုယ့်ကိုကိုယ်စွန့်တော်မူ၏ (ကလာတိ ၂း ၂၀)

ထို့ကြောင့် ကျွန်ုပ်တို့က သမ္မာတရားကို ထုတ်ဖော်ဝေငှလျက်အလင်းတရားကို ဖြန့်ဝေဖို့ရန် ဖြစ်ပါသည်။ လောကကြီးက နွမ်းနယ်စွာဖြင့် မြင့်မြတ်သောဆေးဆရာ၏ ထိတွေ့သော ကျန်းမာစေခြင်းကို စောင့်မျှော်နေပါသည်။ ကျွန်ုပ်တို့၏ အကောင်းဆုံးသော ချစ်ခြင်းမေတ္တာကို ပေးကမ်းခြင်းဖြင့် နိုးထမှု၏လမ်းကြောင်းကို ခင်းကြဖို့ရန်ဖြစ်ပါသည်။ ဤအရာသည် ဘုရားသခင်ထံမှစီးဆင်း လာမည့် အခြေခံလမ်းကြောင်းဖြစ်ပြီး ကောင်းချီးမင်္ဂလာနှင့် နိုးထမှုကိုပေးကမ်းခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ သာသနာနှင့်သူ၏ လုပ်ငန်းဆောင်တာကို သယ်ပိုးဖို့ရန် သူ၏ပြီးပြည့်စုံသော တန်ခိုးတော်ကို တောင်းလျှောက်ကြပါစို့။

# ခရစ်တော်ကို ဗဟိုပြုပါ
# Focusing On Christ

**By Rich Carmicheal**

သခင်ယေရှုကို အထူး ဗဟိုပြုရှေ့ရှုခြင်းဖြင့် အနှစ်သာရသစ်တစ်ခုကို သင်နှင့်အတူ ပေဌခြင်းက အထူးအခွင့်ကောင်း တစ်ခုဖြစ်သည်ဟု ပြောဆိုလိုပါသည်။ ကျွန်ုပ်တို့က အသက်ရှင်ခြင်းနှင့် မျှော်လင့်ချက်ကိုသူ့ထံမှရရှိကြပါသည်။ ဤသို့ထောက်ပံ့ပေးသော ဘုရားသခင်ကို အထူးကျေးဇူးတင်ရှိပါသည်။ ဤအရာများဖြင့် ကျွန်ုပ်တို့ကို ခွန်အားပေးကာ ဖြည့်ဆီးပေးခဲ့ပါသည်။ သင့်အပေါ်၌လည်း ဤကဲ့သို့ပင် လုပ်ဆောင်လိမ့်မည်ဟု ကျွန်ုပ်က ယုံကြည်စွာ ဆုတောင်းပါသည်။

ဖြည့်စွက်ပေးသော သတင်းကောင်းများကြောင့် သင့်အနေဖြင့် ဤသင်ခန်းစာမှ ရှိသော သာသနာပြုခြင်း အကြောင်းကိုလေ့လာခြင်းဖြင့် ခွန်အားများစွာ ရရှိလိမ့်မည်ဟု လည်းနေမျှော်လင့် ပါသည်။ ဤသင်ခန်းစာမှ အကျဉ်းချုပ်တင်ပြချက်တစ်ခုကြောင့်လည်း မဖြစ်နိုင်သည့် အခြေအနေ မှ ဘုရားသခင်၏တက်စွမ်းနိုင်မှု့အပေါ် မျှော်လင့်ချက် ကြီးကြီးမားမားရှိဖို့ရန် မှတ်တမ်းတင်ထား သည့်အတိုင်းပင် ကျွန်ုပ်တို့ဒုက္ခအခက်အခဲ ရင်ဆိုင်ရသော အချိန်များအတွက် အလွန်ပင် အကျိုးပြုမည့်အရာများဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့က ဘုရားသခင်အတွက် နိုးထမှု့များစွာဖြင့်ကယ်တင်ရှင်ကို သယ်ပိုးဖို့ရန် မျော်ကြည့်နိုင်ကြမည်ဖြစ်သည်။ သူသည်ယုံကြည်ခြင်းအားဖြင့် သစ္စာရှိစွာလုပ်ဆောင်သော တန်ခိုးနှင့်ပြည့်စုံသည့် ဘုရားသခင်ဖြစ်ပြီး ကရုဏာတရားနှင့်ပြည့်စုံသောသူဖြစ်ပါသည်။ မှီခိုသော သူများ ဆုတောင်းသောသူများနှင့် သူ၏လူတွေရဲ့ အစေခံခြင်းအပေါ်တွင် သစ္စာရှိသောသူဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ အမှုတော်ဆောင်ခြင်း ဆုတောင်းခြင်းနှင့် ယုံကြည်ခြင်းများကို စောင့်ထိန်းကြမည်ဆိုလျှင် ကျွန်ုပ်တို့အတွက်မဖြစ်နိုင်သော အရာများက ဘုရားသခင်အားဖြင့်ဖြစ်လာမည်ပင်ဖြစ်ပါသည်။

**ဒုက္ခရောက်ရှိချိန်တွင် သူ့ကိုကိုးစားပါ**

ဤထုတ်ဝေသော ဆောင်းပါးထဲတွင် ကျွန်ုပ်တို့ကလည်း တနေ့ကြုံရသော အခက်အခဲများအတွက် ယေရှုကိုကြည့်ပါဟူသော ခွန်အားပေးဆောင်းပါးကို ထည့်သွင်းခဲ့ကြပါသည်။ တားဆီးနှောက်ယှက်မှုများကိုမကြည့်ဘဲ ယေရှုကိုကြည့်ပါ။ ကျွန်ုပ်တို့၏ လမ်းကြောင်း၌ တွေကြုံ ရသည့်အရာကို ချက်ချင်းရပ်တန့်ဖို့ရန် တွေးတောပါက ဤအရာများသည် ကျွန်ုပ်တို့အတွက် အံ့ဩစရာ စိတ်ရှုပ်စရာ လွမ်းမိုးမှုနှင့် မတတ်နိုင်သည့်အရာများ ဖြစ်လိမ့်မည်။ ရှင်ပေါလု ဖေါ်ပြသောစကားလုံးနှင့်နှိုင်းယှဉ်ပြီး ကြည့်ကြမည်ဆိုလျှင်- ယုံကြည်သူ အပေါင်းတို့သည် ဖြောင့်မတ်ရာသို့ ရောက်မည့်အကြောင်းပညတ်တရားသည် ခရစ်တော်အားဖြင့် စုံလင်ခြင်းရှိတော်မူ၏။ (ရောမ ၁၀း၄)

ယေရှုက ဘုရားသခင်၏ အမှန်တရားနှင့် ကျွန်ုပ်တို့လုပ်ရှားမှု၏ အဆုံးတစ်ခုသာမကဘဲ ငြိမ်သက် ခြင်း အောင်မြင်ခြင်း စင်ကြယ်ခြင်း ကျန်းမာခြင်း နိုးထမှုနှင့် ခပ်သိမ်းသော အရာအားလုံးအတွက်ဖြစ်ပါသည်။ ဤ ကောင်းကြီးမင်္ဂလာများကိုရရှိဖို့ရန် ကျွန်ုပ်တို့က မည်သည့်လှုပ်ရှားမှုကို လုပ်ဆောင်ခံခဲ့ရပါသနည်း။

ကျွန်ုပ်တို့ကမျှော်ကိုးရာမဲ့ နောင်တတရားဖြင့် သူ့ထံသို့ဝင်ရောက်ကြပါသည်။ အပြစ်ကိုဝန်ချလျက် ကျွန်ုပ်တို့၏ နှိမ့်ချသည့် အသက်တာ၏ တဒင်္ဂအချိန်တွင် ကောင်းကြီးမင်္ဂလာရရှိသောသူ တစ်ယောက်ဖြစ်လာပါသည်။ အခြားသော ညွှန်ကြားချက်များစွာ၌ ကျွန်ုပ်တို့က ရှုန်းကန်နေခဲ့ကြပါသည်။ သူသည် ကျွန်တော်တို့၏ အောင်မြင်ခြင်းပြန်လည်ရှင်သန်းနိုးထခြင်းဖြစ်ပြီး သူ့ကို ကျော်လွန်နိုင်သော အရာတစ်ခုမှမရှိပါ။ သူမှတပါး အခြားသော အရာမရှိပါ။

ရေတွင်းကနက်လွန်လှလှပါသည်။ ကျွန်ုပ်အသက်စမ်းရည်
တစ်ကျိုက်ကို မော့သောက်လိုပါသည်။ အသက်စမ်းရည်
တစ်ကျိုက် အတွက် ကျွန်ုပ်ဝိညာဉ်၏ဆန္ဒကို မငြိမ်းသတ်နိုင်ပါ။

အရေးစိုက်သော သူတစ်ဦး ချဉ်းကပ်သည့်ထိတိုင်အောင် တောင်းဆို နေပါသည်။ ကူညီမည့်သူတွေက သူတို့လိုအပ်သော အချိန်၌သာ ရောက်ရှိလာ တက်ပါသည်။ ကျွန်ုပ်ယုံကြည်သည့် အရာမှာ စစ်မှန်စွာဖြင့်တွေ့ရှိ မည့်အရာမှာ ခရစ်တော်သည် အသက်စမ်းရေဖြစ်သည့် အကြောင်းပင်ဖြစ်ပါသည်။

**ပြန်လည်ရှင်သန်နိုးထခြင်း**

ဤသို့မေးမြန်းနိုင်ပါသည်။ ကျွန်ုပ်တို့က ပြန်လည်ရှင်သန်နိုးထမှုအတွက် ဆုတောင်းဖို့ ရန် မဟုတ်ပါလား၊ ပထမ လုပ်ဆောင်ရမည့်တာဝန်မှာ ကျွန်ုပ်တို့ကိုယ်တိုင်က ပြန်လည် နိုးထဖို့ရန် ဖြစ်ပါသည်။ သက်သေခံဖို့ရန်အတွက် နောင်တတရားနှင့် ကျွန်ုပ်တို့လိုအပ်ချက် အားလုံးအတိုင်း ကျွန်ုပ်တို့ရှုန်းကန်လှုပ်ရှားမှု၏ အဆုံးသည် ယေရှုကို တွေ့ရှိဖို့ပင်ဖြစ်ပါသည်။ ထို့နောက် အခြားသူများနှင့် ကျွန်တော်တို့၏ မိတ်သဟာရထဲတွင် ကျွန်ုပ်တို့၏နှလုံးသားထဲ၌ ဘုရားသခင် လုပ်ဆောင်ခဲ့သောအရာကို အခြားသူများ၏ နှလုံးသားထဲတွင်လည်း တိုးချဲ့ လုပ်ဆောင်မည့် အကြောင်းကို ဆုတောင်းပေးနိုင်ပါသည်။

နိုးထမှုတစုံတရာ ရောက်ရှိမလာသေးခြင်းသည် ကျွန်ုပ်တို့ဆုမတောင်းခြင်းကြောင့် ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့၏ နှလုံးသားထဲသို့ တစ်စုံတဦးက ရောက်ရှိလာပြီးမှသာ ရှင်သန်နိုးထ မှုကစတင်ပါသည်။ (စိတ်နှလုံးထဲသို့ နိုးဆွသူဦးရောက်ရှိလာသောအခါ ဤ အရာကစတင်ပါသည်။)

ယခုတွင်ဤအရာက ဖြစ်ပျက်သည်။ သို့သော် ဤအကြောင်းကိစ္စက တိုးချဲ့ပြန့်ကြဲ ပါသည်။ အသစ်သောအသက်တာထဲတွင် ခြေကုန်ယူခြင်းဖြစ်သည်။ ထို့ကြောင့် စိတ်နှလုံး တစ်ခုမှ အခြားသူများ၏ စိတ်နှလုံးသို့ တိုးချဲ့ဖို့ရန်ဖြစ်သည်။ အဆုံး၌ ဘုရားသခင်၏ အလိုတော်အတိုင်း ကျွန်ုပ်တို့က သက်သေခံပေဌဖို့ရန်ဖြစ်သည်။ ကိုယ်ကိုကိုယ်ပေးဆပ်ကာ ဆုတောင်းကြဖို့ရန်ဖြစ်သည့်လမ်းကြောင်းနှင့် အဆုံးသတ်နှစ်ခုလုံးကို သိရှိသောသူများထံ

ဤဆုတောင်းချက်ကို လက်ကမ်းဖို့ရန်ဖြစ်သည်။ သို့သော်စိတ်မတည်ငြိမ်ဘဲ ဆိုင်ပြိုင်နေသော ဆုတောင်းချက်က နိုးထမှုကို ရရှိစေမည်မဟုတ်သောကြောင့် စိတ်ကိုတည်ငြိမ်စေပြီး ယုံကြည်စိတ်ချမှုအပြည့်နှင့် ရဲရင့်ခြင်းကို နေရာပေးကာ ဆုတောင်းရမည်ဖြစ်သည်။

ဤအချက်က ယေရှု၏ ဘုရားသခင်၌ရှိသော ဝိညာဉ်ရေးရာ အတိမ်အနက် အားလုံးထဲတွင်အဆုံးသတ်နှင့် လမ်းခရီးနှစ်ခုလုံးကိုတွေ့ရှိသောသူတစ်ယောက် အားဆိုလိုခြင်းဖြစ်ပါသလား၊ ဤသို့လည်းမဟုတ်ပါ။ သူကအပြစ်ရှိနေသေးသောသူဖြစ်သောကြောင့် ယေရှု၏အသွေးတော် လိုအပ်ပါသည်။ သူက နောင်တရဆဲအချိန်ဖြစ်ပါသည်။ အမှန်မှာသူက ပိုမိုမြန်ဆန်ပြီး နောင်တရဖို့ဖြစ်သည်။ သူရှာဖွေသည့်လမ်းကြောင်း၏ အစိတ်အပိုင်းဖြစ်သော နောင်တတရားများ၏ လမ်းကြောင်းသည် ယေရှုက သူ့တွင်ရှိသောအရာအားလုံးကို ထောက်ပံ့မည့်နည်းလမ်းကြောင့် ဖြစ်ပါသည်။

**ပို၍နက်နဲသောယေရှုထံသွားပါ**

သို့ပြုလျှင် လူတယောက်က မည်သည့်အရာကို တွေ့ရှိပါသနည်း၊ သူကနောက်ဆုံးတွင် အဖိုးတန်သောသမ္မာတရားရှိသည့်နေရာကို တွေ့ရှိပြီး သူကအဖိုးထိုက်တန်သော ပင်စည်၏ အရိုးတံသို့ နှစ်ဝင်သွားသကဲ့သို့ ယေရှုထံရောက်ရှိသွားပါသည်။ ယခုတွင် နေရာတိုင်းမှ အနှောက်အယှက် (သို့) တုန်လှုပ်မှုများကမရှိတော့ပါ။ ဤခံယူချက် (သို့) တွေ့ကြုံမှု (သို့) အခြားလေးနက်သည့်အရာ တချို့၌ ထူးခြားသည့် အခြားညွှန်ကြားချက်များစွာဖြင့် အဖြေရရှိဖို့ရန် သူ၏ကြိုးပမ်းမှုအားလုံး အပြီးတွင် သခင်ယေရှုအားဖြင့် ရွေးနုတ် ကယ်တင်ခြင်းထဲတွင် ရောက်ရှိသွားပါသည်။ သူ့ကို ဘုရားသခင်က စတင်ကယ်တင်သောအခါ တူညီသောရိုးတံသို့ ပြန်လည်ရောက်ရှိလာပါသည်။ ယခုတွင်သူက နက်နဲသော နေရာတစ်ခုထဲသို့ နေ့စဉ်ဆက်သွားဖို့ရန်သာ လိုအပ်ပါသည်။ နက်နဲသောဆုံးဖြတ်ချက်နက်နဲသော နောင်တ ကိုယ့်အလိုကိုနက်နဲစွာသေဆုံးစေခြင်း နက်နဲသော စင်ကြယ်ခြင်းနက်နဲသော ယုံကြည် ခြင်းနှင့်

အသက်ရှင်သောသူ သခင်၏ ပြည့်စုံခြင်းထဲတွင် သူ၏ လိုအပ်ချက်မှန်သမျှကို တွေ့ရှိလိမ့်မည်ဖြစ်သည်။

ယေရှုကိုကြည့်ကြပါစို့ သို့ပြုလျှင် အဆုံး၌ လွယ်ကူစွာဝင်နိုင်သောလမ်းမှ လမ်းဆုံးသို့ ကျွန်ုပ်တို့ထက်ချို့တဲ့သော လူတွေကို သူ၏အသွေးတော်ဖြင့် ဆေးကြောကာ လက်ကမ်းခြင်းဖြင့် လမ်းနှင့်လမ်းဆုံကို သူတို့ကတွေ့ရှိကြလိမ့်မည်ဖြစ်သည်။

> ယေရှု ကျွန်ုပ်၏သိုးထိန်း ခင်ပွန်း မိတ်ဆွေ ကျွန်ုပ်၏ ပရောဖက်
> ယစ်ပရောဟိတ်နှင့် ရှင်ဘုရင် ကျွန်ုပ်၏သခင် ကျွန်ုပ်၏အသက်
> ကျွန်ုပ်၏လမ်းခရီး ကျွန်ုပ်၏ လမ်းဆုံး ကျွန်ုပ်ယူဆောင်လာ
> သောချီးမွမ်းခြင်းကို လက်ခံတော်မူပါ။

**နောင်တတရား ဆုတောင်းခြင်းနှင့်နိုးထမှု**

ဘုရားသခင်ကကျွန်ုပ်တို့ကို ကြီးမားသောဝိညာဉ်ရေးရာ နိုးကြားခြင်းနှင့်ဖြည့်ဆီး ကာကြီးမားသော သန့်ရှင်းသောဝိညာဉ်တော်မီးက ကမ္ဘာတဝှမ်းသို့ ကျွမ်းလောင်ပါစေ။ ဤမီးလျှံက လောက၏အပြစ် ကျိန်စာဖြင့်လှောင်ပိတ်နေသော နေရာတိုင်းသို့ အရောက်လှမ်း ကာတောက်လောင်ပါစေ။ ဤ အရာသည် နေရာတိုင်း၌ ပျက်စီးယိုယွင်းနေသော လူအသိုင်းအဝန်း၏ လိုအပ်ချက်ဖြစ်ပါသည်။ လူတွေကမှန်ကန်သည့်အဖြေကို ရှာဖွေမည့်အစား ဖြေရှင်းချက်အမျိုးမျိုးကို ရှာဖွေကြပါသည်။ သို့သော်အဖြေက နိုးထမှုပင်ဖြစ်ပါသည်။ ငြိမ်သက်ခြင်းအရှင်းမပါဘဲ ငြိမ်သက်ခြင်းကရှိမည်မဟုတ်ပါ။ တရားစီရင်ခြင်း၏ ပုဆိန်ကို အပင်၏အမြစ်၌ ချထားကြပါသည်။ ကျွန်ုပ်တို့၏ အပြစ်များကလည်း အမြင့်ဆုံးသော ကောင်းကင်ထိတိုင် ရောက်နေပါသည်။ လူ့အဖွဲ့အစည်း၏ အမည်းစက်များက ဘုရားသခင်ကိုဆန့်ကျင်စော်ကားပြီး ခရစ်တော်၏ နှလုံးသားကို အနာတရဖြစ်စေပါသည်။ အသင်းတော်သည်လည်း မှိုတက်လျက် နိုးထမှုက ပိတ်ဆို့နေပါသည်။

ခေတ်ရေစီးကြောင်းကို ပြောင်းလဲရမည် အပြစ်မှနောင်တရခြင်းဖြင့် ခွင့်လွတ်ခြင်းကို ရရှိနိုင်ပါသည်။ ကျွန်ုပ်တို့၏ အပြစ်များကို နောင်တရသော ဝန်ချတောင်းပန်ခြင်းက နိုးထမှု၏ လမ်းကြောင်းဖြစ်ပါသည်။ ဤအချက်ကို နားလည်သဘောပေါက်ကြပါစို့။ သန့်ရှင်းသော ဘုရားသခင်ကို နီးကပ်စွာ ကြည့်ရှုဖို့ရန် ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်တံခါးကို ဖွင့်ကြပါစို့။ ကြေကွဲသော သူ၏ ခုံတံရှည်သို့ပြန်သွားကြပါစို့။ သမ္မာကျမ်းစာကိုကြည့်ရှု ယုံသက်သက်ဖြင့်မလုံလောက်ပါ။ ကျွန်ုပ်တို့၏ နှလုံးသားကိုလည်းကြည့်ရှုကြပါစို့။ နောင်တတရားနှင့် ဆုတောင်းခြင်းသည် နိုးထမှု၏ မြင့်မြတ်သောလမ်းကြောင်းဖြစ်ပါသည်။ တိုင်းနိုင်ငံများက ကားတိုင်၏ ခြေရင်းသို့ ပြန်ရောက်သည် အထိတိုင်ဆုတောင်းခြင်းဖြင့် ကာရာနီသို့ ပြန်လှည့်ကြပါစို့။ ကျွန်ုပ်တို့ကိုယ်တိုင်က အညံ့ခံလျက် ကျွန်ုပ်တို့၏ အပြစ်များကို စွန့်ပစ်ကာ ဝန်ချတောင်းပန်ကြပါစို့။ ဤ သို့ပြုမှသာလျှင် ငရဲမီးအိုင်က စတင်ငိုကြွေးကာ ကောင်းကင်သည် ဝမ်းမြောက်လျက် နိုးထမှုက ကြိုဆိုမည်ဖြစ်သည်။ ဘုရားသခင်က ကြားဝင်လုပ်ဆောင်နိုင်ပါသည်။

ဤကမ္ဘာကြီးက ယနေ့တွင် နိုင်ငံရေး စီးပွားရေး လူမှုရေးနှင့်ဝိညာဉ်ရေးရာ၌ ယုတ်လျော့ ခြင်းဖြင့်ရင်ဆိုင်နေရပါသည်။ တိုက်ပွဲတခုမရှိဘဲ မတည်တန့်နိုင်သော အခြေအနေကို ကျွန်ုပ်တို့က ခွင့်မပြုနိုင်ပါ။ ဘုရားသခင်၌ မဖြစ်နိုင်သောအရာမရှိပါ။ ဆုတောင်းခြင်းသည် နိုးထမှု၏အဓိကသော့ချက်ဖြစ်ပြီး ဘုရားသခင်၏အိမ်တော်မှ ကောင်းကြီးမင်္ဂလာ၏ သော့ချက်ဖြစ်ပါသည်။ နောင်တရခြင်းဖြင့်ပြန်လည်တုန့်ပြန်ကြပါစို့

ဗုံများခရာများဖြင့် အသံပြုကြပါစို့။ အသစ်သောကြုံခိုင်မှုနှင့်အပ်နှံခြင်းဖြင့် ဆုံးရှုံးသွားသော ကျွန်ုပ်တို့၏ အစွမ်းတန်ခိုးကို ပြန်လည်နလံထူကြပါစို့။ ကျွန်ုပ်တို့၏ မှန်ကန်သော ဝိညာဉ်ရေးရာ မွေးဖွားခြင်းကို ပြန်လည်တောင်းဆိုကာ ဆုတောင်းခြင်းယစ်ပလ္လင်ကို ပြန်လည် တည်ဆောက်ကြပါစို့။ ဆုတ်ယုတ်သောလောကကို လျစ်လျူရှုသော ကျွန်ုပ်တို့၏ အပြစ်များ

ကို ဝန်ချကာအပြစ်ဖြင့် ဖျားနာနေသော လောကကြီး၏ ကုထုံးတစ်ခုဖြစ်သော နိုးထမှုကို လည်ပတ်စေကြပါစို့။

# ခရစ်တော်သာလျှင် လောက၏ မျှော်လင့်ချက်

**(Christ Is The Only Hope For The World)**

**By Fred D - Jarvis**

လောကကမ္ဘာက အလှည့်အပြောင်းကာလတစ်ခု၌ရှိနေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ မကျန်းမာ သောလူ့အဖွဲ့အစည်း၏ ဖျားနာခြင်းအတွက် ဘုရားသခင်၏ ဖြေရှင်းချက်တခုက အလွန်လိုအပ်ပါသည်။ တန်ခိုးမဲ့လျက်အကြောသေနေသော ကျွန်ုပ်တို့၏ အသင်းတော်အတွက် အဖြေတစ်ခုကို ရှာဖွေတွေ့ရှိဖို့ရန်လိုအပ်ပါသည်။ ဤအချိန်သည် ကျွန်ုပ်တို့ ခရစ်ယာန်များအနေဖြင့်သိရှိရမည့်အရာမှာ ကျွန်ုပ်တို့၏ နှလုံးသားများသည် ပင့်ကူမျှင်ရစ်နေသကဲ့သို့ ဖြစ်နေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အသက်တာကလဲ အိပ်ပဲ့အိပ်ပဲ့ဖြင့်ဆွေးမြေ့နေပါသည်။ အသစ်တဖန်ဝိညာဉ်တော်နှင့် ပြည့်ပြီးသေဆုံး လျက်ပျောက်ဆုံးနေသော ကျွန်ုပ်တို့ အသက်တာကို ကယ်တင်ဖို့ရန် စိတ်နှလုံးအကြွင်းမဲ့ဖြင့် လုပ်ဆောင်ဖို့ရန်ဖြစ်ပါသည်။

သမ္မာကျမ်းစာ၏ နေ့ရက်ကာလများနှင့်သတင်းကောင်းက အလိုအလျှောက်တောက်လောင်ခဲ့ပါသည်။ ယုံကြည်သူများက နေရာတိုင်းသို့သွားရောက်ကာ နှုတ်ကပတ်တော်ကိုဟော ကြားခဲ့ကြပါသည်။ ပေ၌သည့်အရာမှာ ကားတိုင်သတင်းကောင်းဖြစ်ပါသည်။ သူတို့၏ သမ္မာတရားက သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်ပြီး သူတို့၏ သမ္မာတရားက ကျမ်းစာအုပ်ဖြစ်ပါသည်။ သူတို့ ကနှုတ်ဖြင့် သခင်ဘုရားအကြောင်းကို ပြောဆိုကြပြီး သတင်းကောင်းကို ပေတရုသက်သေခံကာ ကမ္ဘာကြီးကို မှောက်လှန်ခဲ့ကြပါသည်။

ယနေ့ ကမ္ဘာကြီးကိုမပြောနှင့် ကျေးရွာလေးတခုကို ပြန်လည်မှောက်လန်ဖို့ရန် ကျွန်ုပ်တို့က မစွမ်းဆောင်နိုင်ပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်စံချိန်ကို ကျွန်ုပ်တို့၏

မျှော်လင့်ချက်စံချိန်ဖြင့် မတင်ရမည့်အချိန်ဖြစ်ပါသည်။ ကျွန်ုပ်တို့က ဘုရားသခင်မှ သူ အသုံးပြုမည့်လမ်းကို ဖော်ဆောင် မည့်အကြောင်းကို မျှော်လင့်ချက်မရှိကြပါ။

ကျွန်ုပ်တို့၏ အပြုအမူက ကျွန်ုပ်တို့ကြီးထွားရမည့်အချက်ကို စဉ်းစားပေးမည့်အစား ခရစ်ယာန်များကြီးထွားသောအခါ ကျွန်ုပ်တို့လည်း ကြီးထားလာမည်ဟူသော အတွေးပင် ဖြစ်ပါသည်။ ဤအချက်က ဝမ်းနည်းစရာပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏သီအိုလိုဂျီကို လေ့လာသောအခါ ယုံကြည်ခြင်းကနိမ့်ကျနေပြီး ကျွန်ုပ်တို့၏ အသက်တာက ယိုယွင်းကာ ညှိုးနွမ်းနေပါသည်။

**လောကအတွက် မျှော်လင့်ချက်တစ်ခု**

ကျွန်ုပ်တို့၏ ယဉ်ယဉ်ကပေါ့လျော့မှုကို ဘုရားသခင်က ခွင့်လွှတ်ပါစေ။ ထို့အပြင် ကျွန်ုပ် တို့၏ နုံအမှု ချစ်ခြင်းမေတ္တာနှင့်လုပ်ဆောင်နိုင်စွမ်းနည်းပါးမှု အကန့်အသက်ဖြင့်သာ အောင်မြင်မှု နှင့် မတင့်တိမ်မကျေနပ်နိုင်မှုများမှ ကယ်တင်ပြီး ကျွန်ုပ်တို့၏ စိတ်နှလုံးထဲသို့ ဝိညာဉ်တော်မီးကို သွန်းလောင်းကာ အသစ်သောအစွမ်းသတ္တိယ ချစ်ခြင်းမေတ္တာ ရဲရင့်ခြင်း နှင့် ဆုံးဖြတ်ချက်ကို ဖြည့်ဆီးပေးပါစေ။ ပြန်လည်ရှင်သန်နိုးထမှုသည်ကျွန်ုပ်တို့၏ တစ်ခု တည်းသော မျှော်လင့်ချက်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဆုတောင်းချက်နှင့် ဟောကြားပေ‌ဌခြင်း၌ တန်ခိုးတော်ပါရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့ တွင်ကံကြမ္မာ၏ ချိန်းချက်သောနေရာ တစ်ခုရှိ ပါသည်။ ဤနေရာက ခရစ်တော် (သို့) ဘေးဒုက္ခ ဖြစ်ပါသည်။

ဤအရာက လောကအတွက်တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်ပါသည်။ ကားတိုင်၌ အသေခံခြင်း ပြန်လည်ရှင်သန် ထမြောက်ခြင်းဖြင့် ခရစ်တော်က စိုးစံပါသည်။ ဤ ဒုက္ခ ဆင်းရဲကာလအတွက် အခြားသော မျှော်လင့်ချက်ကမရှိတော့ပါ။ ယခုတွင်မူ ယေရှု အတွက် အားလုံးကထွက်သွားရမည့် အချိန်ဖြစ်ပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့ကို ဆုတောင်းခြင်း ဖြင့် ပေးဆပ်ကာသွားဖို့ရန်အတွက် ဖိတ်ခေါ်နေပါသည်။ ကျွန်ုပ်တို့က ပေးဆပ်ရ မည့်အချိန် ဖြစ်ပါသည်။ လုပ်ဆောင်ရမည့်အချိန်ဖြစ်ပြီး သခင်နှင့်အတူ လုပ်ဆောင် ဖို့ရန်ဖြစ်ပါသည်။

ခပ်သိမ်းသောအရာက ဘုရားသခင်အတွက် စတင်ဖြစ်ပျက် ရမည်ဖြစ်သည်။ နိုးထမှုရှိလာရမည်ဖြစ်သည်။

**ပင်သေကုတ္တေ၏ တန်ခိုးတော်**

သန့်ရှင်းသော ဝိညာဉ်တော်မပါဘဲ ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များက အချိန် ဖြုန်းတီးခြင်း သက်သက်သာဖြစ်ပါသည်။ ကျွန်ုပ်တို့က ပိုမိုကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့က သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဖို့ရန်လိုအပ်ပါသည်။ ဘုရားသခင်၏ မျက်မှောက်တော်နှင့် တန်ခိုးတော်က အရေးကြီးပါသည်။ ဤအရာကပင်သေကုတ္တေနေ့တွင် ဖြစ်ပျက်သည့် အတိုင်းဖြစ်ဖို့ ရန်လိုအပ်ပါသည်။ ထို့ကြောင့် ကောင်းကင်မှ တန်ခိုးတော် အပ်နှင်းသည့်အထိတိုင် စောင့်စားဖို့ရန်လိုအပ်ပါသည်။ သမိုင်းတွင်ဖြစ်ပျက်ခဲ့သည့် ပင်သေကုတ္တေထက်ပိုမိုဖြစ်ပျက်ရမည်ဖြစ်သည်။ ကိုယ်တိုင်က တွေ့ကြုံရမည်ဖြစ်သည်။

တမန်တော်ဝတ္တုသည် ယနေအတွက်စီမံရေးဆွဲသောအရာဖြစ်ပါသည်။ ပင်သေကုတ္တေ၏ ရည်ရွယ်ချက်က ဘုရားသခင်၏လူတွေကို ပြည့်ဆည်းကာ သူတို့ကယေရှု အတွက် လူတွေကို ခန့်ထားနိုင်ဖို့ဖြစ်သည်။ ပျောက်ဆုံးသောဝိညာဉ်များအတွက် ခရစ်ယာန် အသက်တာရင့်ကျက် ခိုင်မာဖို့အတွက် အစားထိုးခြင်းမဟုတ်ပါ။ သမ္မာတရားရရှိယုံဖြင့် မလုံလောက်ပါ။ ကျွန်ုပ်တို့ကိုယ် တိုင်က အသက်ရှင်ကာ ပေမှရမည်ဖြစ်သည်။ လုပ်ဆောင်ဖို့ရန်အချက်ဘုရားသခင်၏ တန်ခိုးတော်ကိုရရှိမည်ဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော်က ကျွန်ုပ်တို့ကို ပြည့်စုံစေပါစေ။

ကျွန်ုပ်တို့၏ စိတ်နှလုံးထဲတွင် ဇဝ်ဂေလိ မီးလျှံကတောက်လောင်လျက် လူတွေက ကယ်တင်ရှင်ထံ သို့ရောက်ရှိလာဖို့ရန် ပေဌဟောကြားနိုင်သော အခွင့်ကိုပေးပါစေ။ ယေရှုက ငါ့နောက်ကိုလိုက်လော့ လူကိုမျှားသော တံငါသည်ဖြစ်စေမည်ဟု မိန့်ကြားခဲ့ပါသည်။ (မသဲ ၄း၁၉) ဘုရားသခင်က ကျွန်ုပ်တို့ကို တိုးပွားစေလိုပါသည်။ ဝိညာဉ်ရေးရာသားသမီးများ

မြေးများကို ပေးချင်ပါသည်။ ပျောက်ဆုံးနေသော သူများထံသို့ ခရစ်တော်နှင့် အတူသွား ကြပါစို့။

မျက်ရည်ကျလျက် ကြဲရန်မျိုးစေ့ကိုဆောင်၍ ထွက်သွားသောသူသည် ကောင်လှိုင်းများ ကိုဆောင်လျက် ရွှင်လန်းဝမ်းသာ စိတ်နှင့်အမှန်ပြန်လာလိမ့်မည်။ (ဆာတံ ၁၂၆း၆)

ခရစ်တော်၏ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့က သူခံစားသကဲ့သို့ ခံစားဖို့ရန် ဖြစ်ပါသည်။ သူသွားသည့်အတိုင်းသွားကာ သူချစ်သလို ချစ်ဖို့နှင့် လိုအပ်သော အရာက စက်ယန္တရား နည်းလမ်း မဟုတ်ပါ။ လူတွေကိုဖြစ်ပါသည်။ ဘုရားသခင်၏ တန်ခိုးတော်နှင့် လူတွေ ယုံကြည်ခြင်းရှိသော လူတွေ တောက်လောင်နေသောလူတွေဖြစ်ပါသည်။ ဘုရား သခင်၏ နုတ်ကပတ်တော်သည် မီးလျှံဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးဖြင့် ပေတရုဟောကြားသောအခါ တောက်ပသောအလင်းတစ်ခုဖြစ်လာသည်။ နိုးထမှု၏ မီးလျှံဖြစ် လာပါသည်။

## ကျေးတင်စကား

ဘုရားသခင်၏ လမ်းပြပို့ဆောင်ခြင်းကြောင့် ပြန်လည်ကြွလာခြင်းသတင်းကောင်းကို ထုတ်ဝေနိုင်သောကြောင့် ဘုရားသခင်ကို ချီးမွမ်းပါတယ်။ ကျွန်တော်တို့ ခေတ်ကာလသည် အလွန် ဆိုးယုတ်သောကာလဖြစ်ပါသည်။ အရင်တုံး မကြုံဘူးသော ဘေးဒုက္ခများစွာကိုလည်း ကျွန်တော်ရင်ဆိုင်ကြုံတွေ့ကြသည်။ ထို့ကြောင့် ကျွန်တော်တို့အားလုံးသည် ထာဝရ ဘုရားသခင်၏ အလိုတော်ကို ရှာဖွေတွေ့ရှိရန်အထူးလိုအပ်ကြောင်း တမန်တော်ရှင်ပေါလုက ကျွန်တော်တို့ကို သင်ပေးသည်(ဧဖက် ၅း၁၆-၁၈)။ ဤသတင်းကောင်း စာစောင်သည် အားလုံးအတွက် ဝိညာဉ်ခွန်အားဖြစ်မည်လို့ ကျွန်တော်ယုံကြည်ပါသည်။ ဤသတင်းကောင်း စာစောင်ကို **Herald of His Coming web site** စာမျက်နှာလည်း မြန်မာဘာသာနှင့် ဟားခါးချင်းစကားဖြင့်ဖက်နိုင်ပါသည်။

**Rev.Run Lian**

P.O.Box -1349

Yangon, Myanmar

Tayar Kung Village, No.4 Main Road

Hmawbi Township, Yangon

Tel: 09452112354

Dts4christ@gmail.com